# ကြေးမုံ
**The Mirror**

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ စနေနေ့၊ (1-11-2008) (၅၈၄၉)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
### အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　နိုဝင်ဘာ　　၁

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအဗ္ဗဒဲလ်အာဇိ(စ်)၊ ဘူတဖလိကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
### အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　နိုဝင်ဘာ　　၁

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာမက်အိုရာရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
## ဆုချီးမြှင့်ပွဲအခမ်းအနား၌ အတီးပြိုင်ပွဲ၏ ဒုံမင်း၊ နှဲ၊ တယော၊ ဆိုင်း၊ အိုးစည်နှင့် ဒိုးပတ်ပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်

နေပြည်တော်　　အောက်တိုဘာ　　၃၁

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။**

အစီအစဉ်အရ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် မဟာဗုဒ္ဓဝင် တောထွက်ခန်း ရုပ်သေးပြိုင်ပွဲ၊ "လူငယ်အားမာန်မိုးယံဆီသို့" ပြဇာတ်ပြိုင်ပွဲနှင့် ဘူရိဒတ်ဇာတ်တော်ကြီး ဇာတ်သဘင်ပြိုင်ပွဲများ၌ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**




**တည်ဆောက်မှုလုပ်ငန်းများ အပြီးသတ်တော့မည့် အစိုးရနည်းပညာကောလိပ်(ရွှေဘို) ပင်မအဆောက်အအုံသစ်ကို တွေ့ရစဉ်။** *(သတင်းဆောင်းပါး) စာမျက်နှာ-၃*

ကြေးမုံ The Mirror

၁-၁၁-၂၀၀၈
(စနေနေ့)

**ပြည်သူ့ သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ
## စက်မှုလက်မှု သက်မွေးပညာ တိုးတက်သင်ကြား

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိသည်။ နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးနေသည်။ တစ်ချိန်တည်းတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကိုလည်း ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များထဲမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ၂၀၀၀ပြည့်နှစ်မှ စ၍ဖွင့်လှစ်သင်ကြားပေးနေသည်။ ယခုအခါ အဆိုပါ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုမှ မွေးထုတ်ပေးလိုက်သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသူများနှင့် အင်ဂျင်နီယာဒီပလိုမာရရှိသူများသည် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။

ထို့အပြင် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ တတ်မြောက်ရေး၊ နယ်စပ်ဒေသ မြို့ပြစီမံကိန်းများနှင့် စက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေးတို့အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးထားသည်။

အဆိုပါ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့တို့တွင် ဖွင့်လှစ်သင်ကြား လျက်ရှိရာ လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင်စသည့် ပညာရပ်များ တတ်မြောက်သည့် တိုင်းရင်းသားလူငယ်များ ပေါ်ထွက်လာလျက်ရှိသည်။

ထိုနည်းတူ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၃၄ ကျောင်း ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိသည်။ အဆိုပါ သင်တန်းကျောင်းများမှ အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ အိမ်တွင်းလက်မှုသင်တန်း(ကြိမ်)နှင့် အိမ်တွင်း လက်မှုသင်တန်း(ဝါး) သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသည်။

ယင်းသို့ စက်မှုလက်မှုပညာသင်တန်းများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းများကို တိုးမြှင့်ဖွင့်လှစ် သင်ကြားပေးနေခြင်းဖြင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စက်မှုစွမ်းရည်ဖွံ့ဖြိုးရေးနှင့် အသက်မွေးမှုပညာရပ်များ ဆည်းပူးပြီး ဘဝရပ်တည်နိုင်ရေး အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်း ရရှိလာမည်ဖြစ်ပါသည်။ ။

## ကျေးရွာစာကြည့်တိုက်ရေရှည်တည်တံ့ရေးကွင်းဆင်းဆွေးနွေး

ရန်ကုန်  အောက်တိုဘာ  ၃၁

မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုနှင့်အဖွဲ့သည် အောက်တိုဘာ ၇ ရက် ညနေ ၄နာရီတွင် ပုလောမြို့နယ် တို့ကျေးရွာ အားမာန်ဝင့်စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျေးရွာစာကြည့်တိုက်ကော်မတီများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ရေးကို ဆွေးနွေးကြသည်။ (ပြန်/ဆက်)



### ပေးအပ်လှူဒါန်း

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ထံ ကောဒသမအကြိမ်မြောက် နယ်စပ်ဒေသ ကျောင်းများသို့ ပုဂ္ဂလိက စာပေတိုက်များမှ အခြေခံပညာသင်ရိုး ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုစာအုပ်စာတမ်းများ လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးက စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ စက်သုံးဆီအရောင်းဆိုင်များ ကြည့်ရှုစစ်ဆေး

နေပြည်တော်  အောက်တိုဘာ  ၃၁

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသိသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ပေါ်ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် ဆိုင်အမှတ် (၀၆၁၂)၊ (၀၆၀၁)နှင့် (၀၆၁၁) အရောင်းဆိုင်များသို့ ရောက်ရှိစစ်ဆေးသည်။**

ဝန်ကြီးကစက်သုံးဆီအချိန်အတွယ် ပြည့်ဝမှန်ကန်ရေး၊ မီးဘေးအန္တရာယ်ဂရုပြုရေးနှင့် ပြည်သူများနှင့် ပြေပြစ်စွာဆက်ဆံရေးတို့ကိုအထူးအလေးထား ဆောင်ရွက်သွားကြရန်တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မော်တော်ယာဉ်ပိုင်ရှင်များ၊ယာဉ်မောင်းများနှင့် မော်တော်ဆိုင်ကယ်ပိုင်ရှင်များအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ခ) အဆင့်သို့ ရောက်ရှိကာ စက်သုံးဆီများသိုလှောင်ဖြန့်ဖြူးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်သုံးဆီလက်ကျန်ကို သတ်မှတ်ထားသော အရေအတွက်အတိုင်းအမြဲပြည့်မီစေရေး၊ စက်သုံးဆီများ ဖြန့်ဖြူးပေးရာတွင် အချိန်အတွယ် တိကျမှန်ကန်စေရေးနှင့် မီးဘေးအန္တရာယ်ဂရုပြုရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်သုံးဆီများကို ဖြန့်ဖြူးပေးလျက်ရှိသော ဆီတင် (Bowser) ယာဉ်များ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသိ မန္တလေးမြို့ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၁၁)တွင် မော်တော်ယာဉ်ပိုင်ရှင်များအား စက်သုံးဆီပြည့်ဝစွာ ရရှိမှုကို စစ်ဆေးစဉ်။ (စွမ်းအင်)

## အက်စကက်/အာဆီယံဒေသဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင်သူများအဖွဲ့အစည်းအဝေး
## သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်သူ တက်ရောက်

ရန်ကုန်  အောက်တိုဘာ  ၃၁

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သည့် အဖွဲ့ဝင် ခုနစ်ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် အက်စကက် အမှုဆောင် အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၂၇ ရက်နှင့်၂၈ ရက်တို့တွင် ကျင်းပသည့် နာဂစ်မုန်တိုင်းအပြီး မြန်မာနိုင်ငံ၌ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခွင့်အလမ်းများဆိုင်ရာ အက်စကက်/အာဆီယံဒေသဆိုင်ရာ အဆင့်မြင့် ကျွမ်းကျင်သူများအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။**




**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် နာဂစ်မုန်တိုင်းအပြီး မြန်မာနိုင်ငံ၌ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအခွင့်အလမ်းများဆိုင်ရာ အက်စကက်/ အာဆီယံဒေသဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးတက်ရောက်စဉ်။** (နိုင်ငံခြားရေး)

ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၇ ရက်တွင် ကုလသမဂ္ဂညီလာခံ ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည့် နာဂစ်မုန်တိုင်းအပြီး မြန်မာနိုင်ငံ၌ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအခွင့်အလမ်းများဆိုင်ရာ အက်စကက်/အာဆီယံ ဒေသဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်ပြီး သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်သူက အဖွင့်အမှာစကားပြောကြားခဲ့သည်။ အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံ၏နာဂစ်မုန်တိုင်းအပြီးပြန်လည်နေရာချထားရေး အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ မွေးမြူရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများပြန်လည်ရရှိရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက်တွင် အစည်းအဝေးနောက်ဆုံးနေ့အဖြစ် ဆက်လက်တက်ရောက်ခဲ့ပြီး အစည်းအဝေးပိတ်ပွဲတွင် ဒုတိယဝန်ကြီး ဦးကျော်သူက နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ထွန်းခိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့်ဌာနစုမှူး(၁)ဦးကျော်စိုးသိန်းတို့ ပြန်လည် လိုက်ပါလာကြသည်။ (သတင်းစဉ်)



# မကြာမီဖွင့်လှစ်တော့မည့် အစိုးရနည်းပညာကောလိပ်(ရွှေဘို)

**သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

**ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာ၌ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်း ပေါ်ထွက်လာရေးသည် ပဓာနကျသည့်အချက်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်၍ ၁၉၈၈ခုနှစ်မှ ယနေ့အထိ တက္ကသိုလ်နှင့်ကောလိပ်များကို နိုင်ငံတစ်ဝန်း၌ အဆင့်မြှင့်တင်တိုးချဲ့ တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ တက္ကသိုလ်နှင့်ကောလိပ်ပေါင်း ၁၅၆ခု ရှိလာခဲ့ပြီးဖြစ်သည်။**

ကြေးမုံသတင်းအဖွဲ့သည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှုများကို သတင်းမှတ်တမ်းပြုနိုင်ရန် အစိုးရနည်းပညာကောလိပ်(ရွှေဘို) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့သည်။

အစိုးရနည်းပညာကောလိပ်(ရွှေဘို) သည် ရွှေဘိုမြို့၏အရှေ့မြောက်ဘက် သုံးမိုင်၊ ငါးဖာလုံအကွာနှင့် ရွှေဘို-မြစ်ကြီးနား ကားလမ်းအရှေ့ဘက် ၁ ဒသမ ၁၄ မိုင်အကွာ ပိတ္တော ကျေးရွာအနီးတွင် တည်ရှိပြီး မြေအကျယ်အဝန်းမှာ ၆၈ ဒသမ ၆၄ ဧကကျယ်ဝန်းသည်။ အစိုးရနည်းပညာကောလိပ်(ရွှေဘို)တည်ဆောက်ရေးပန္နက်တင်မင်္ဂလာကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပခဲ့ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် အဆောက်အအုံလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။



**Htoo Construction Development Group Co.,Ltd မှ မန်နေဂျာ ဦးအောင်နိုင်လင်း အစိုးရ နည်းပညာကောလိပ် (ရွှေဘို) တည်ဆောက်မှု လုပ်ငန်းများကို ရှင်းလင်း ပြောကြားစဉ်။**

**အစိုးရနည်းပညာကောလိပ် (ရွှေဘို)၏ လမ်းလုပ်ငန်းများနှင့် လမ်းလယ်ကျွန်းတည်ဆောက်မှုများမှာ ၇၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။**

ကြေးမုံသတင်းအဖွဲ့သည် အစိုးရနည်းပညာ ကောလိပ်(ရွှေဘို)အား တာဝန်ယူ တည်ဆောက်နေသည့် Htoo Construction Development Group Co., Ltd. မှ မန်နေဂျာ ဦးအောင်နိုင်လင်းနှင့် တွေ့ဆုံရာ "နည်းပညာကောလိပ် ပင်မအဆောက်အအုံမှာ ရှေ့မျက်နှာစာ အလျား ၄၅၂ ပေနှင့် ဘေးမျက်နှာစာ ပေ ၃၀၀ နှင့် ၅လက်မ၊ အမြင့် ၃၅ ပေရှိကြောင်း၊ U ပုံသဏ္ဌာန်သံကူကွန်ကရစ်အဆောက်အအုံဖြစ်ကြောင်း၊ ပင်မအဆောင်(Main) အဝင်မှာ သုံးထပ်ဆောင်ဖြစ်ပြီး အမြင့် ၅၉ပေရှိကြောင်း၊ ဝဲနှင့်ယာမှာ နှစ်ထပ်အဆောင်များဖြစ်ပြီး အဆောက်အအုံဧရိယာ စုစုပေါင်းမှာ ၉၉၅၉၁ စတုရန်းပေရှိကြောင်း၊ ကျောင်းသားကျောင်းသူပေါင်း ၁၇၀၀ ခန့် တက်ရောက် ပညာဆည်းပူးနိုင်မည်ဖြစ်ကြောင်း" ဦးစွာရှင်းပြသည်။

ဆက်လက်၍ "အဆောက်အအုံရဲ့ မြေညီထပ်တွင် ပေ ၄၀×ပေ ၃၀ရှိ စာသင်ခန်း ၁၁ ခန်း၊ ပေ ၄၀×ပေ ၃၀ရှိ စီမံခန့်ခွဲရေးရုံးခန်းတစ်ခန်း၊ ပေ ၃၀× ပေ ၃၀ရှိ စာသင်ခန်း ၁၂ခန်း၊ ပေ ၄၀× ၃၆ ပေရှိ ပုံဆွဲခန်း နှစ်ခန်း၊ ပေ၃၀× ၃၆ ပေရှိ ဆရာ၊ဆရာမများ ရုံးခန်းနှင့် ဒုတိယထပ်တွင် ပေ ၃၀× ၃၆ပေ ရှိ ကွန်ပျူတာခန်း နှစ်ခန်း၊ ပေ ၈၀× ၃၆ ပေ ရှိ အစည်းအဝေးခန်းမ စုစုပေါင်း အခန်း ၃၃ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း" ဖြင့် ပြောကြားသည်။

"ကျောင်းအဝင် လမ်းမကြီးတွင် နှစ်လမ်းသွားအရှည် ၂၄၁၂ ပေနှင့် တစ်လမ်းသွားအရှည် ၃၆၀၄ပေ ရှိကြောင်း၊ လမ်းအကျယ်မှာ ၂၄ ပေစီရှိပြီး လမ်းလယ်ကျွန်းပါရှိကြောင်း၊ လူသွားစင်္ကြံအကျယ်မှာ ခြောက်ပေရှိကြောင်း၊ လမ်းလယ်ကျွန်းတွင် အရိပ်ရ ခရေပင်များ စိုက်ပျိုးထားကြောင်း၊ ပင်မအဆောက်အအုံမှာ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး လမ်းလုပ်ငန်းမှာ ၇၁ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကာ ၂၀၀၈ -၂၀၀၉ တွင် တည်ဆောက်မှု ပြီးစီးမည်ဖြစ်ကြောင်း"ဖြင့် ပြောကြားသည်။

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့တွင် အစိုးရနည်းပညာကောလိပ်နှင့် မုံရွာမြို့၌ နည်းပညာတက္ကသိုလ်တို့ကို ဖွင့်လှစ်ထားရှိပြီး ဒေသခံကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာများကို သင်ယူလျက်ရှိနေကြပြီဖြစ်သည်။ အစိုးရနည်းပညာကောလိပ်(ရွှေဘို)တည်ဆောက်ပြီးစီး ဖွင့်လှစ်ပါက ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း မြို့နယ် ရှစ်မြို့နယ်မှ ကျောင်းသားကျောင်းသူများ စစ်ကိုင်း၊ မုံရွာသို့သွားရောက်ရန် မလိုဘဲ မိမိဒေသအတွင်း၌ပင် အဆင့်မြင့်ပညာများကို အိုးမကွာ အိမ်မကွာ သင်ယူဆည်းပူးလာနိုင်မည်ဖြစ်ပြီး ဒေသ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် အချိုးညီညီ ပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) (အင်္ဂလိပ်/မြန်မာ) စာအုပ်များဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) (အင်္ဂလိပ်/မြန်မာနှစ်ဘာသာ)စာအုပ်များ ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါစာအုပ်တွင် အခန်းပေါင်း ၁၅ ခန်းပါရှိပြီး အခန်းတစ်ခုစီကို အင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့် ယှဉ်တွဲဖော်ပြထားသည်။ ယင်းစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် (နေပြည်တော်) အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင်(ရန်ကုန်)၊ အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင်(မန္တလေး) ဖုန်း-၀၂-၆၂၉၃၁၊ ၀၂-၆၂၉၂၅၊ ၀၂-၆၂၉၃၂၊ ထွန်းဦးစာပေ၊ အမှတ်(၁၀၁) ၈၄လမ်း၊ ၂၉×၃၀ကြား၊ မန္တလေးမြို့ ဖုန်း-၀၂-၃၉၈၉၁၊ ၀၂-၃၉၈၀၁၊ နဂါးစာပေ၊ အမှတ်-၂၉၀(ခ)၊ ၈၃-လမ်း ၂၉×၃၀ ကြား၊ မန္တလေးမြို့ ဖုန်း-၀၂-၃၅၂၆၇၊ ၀၂-၃၉၈၆၉၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆ နှင့်နယ်မှဝယ်ယူလိုပါက သက်ဆိုင်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများမှတစ်ဆင့် ဆက်သွယ်မှာကြား ဝယ်ယူရရှိနိုင်ကြောင်းနှင့် အရေအတွက်များများဝယ်ယူလိုပါက အရောင်းမန်နေဂျာ၊ အမှတ်(၂၂၈)သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၀၈၀၄၊ ၃၈၂၀၇၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ဝိနည်းစာပြန်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

ပဲခူးတောရဘုန်းတော်ကြီး ဦးသီလ စတင်တည်ထောင်ခဲ့သည့် ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၌ (၁၃၈)ကြိမ်မြောက် ငါးမြို့နယ် ဝိနည်းစာပြန်ပွဲကို နိုဝင်ဘာ ၁၄ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်)တွင် စတင်ကျင်းပမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်မှစတင်၍ တရားပွဲ လေးည၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်အထိ စာပြန်ပွဲ၊ ယင်းနေ့ညတွင် သင်္ဂါယနာတင်ပွဲနှင့် လပြည့်ကျော် ၆ ရက်တွင် ဝေဘန္တိကပြုပွဲ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အယ်လ်ဂျီးရီးယားအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၀၈ခုနှစ် နိုဝင်ဘာ ၁ရက်တွင်ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမယ်ဒဲလ်စီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁၁-၂၀၀၈ (စနေနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ယုံကြည်မှုနဲ့သွားရမယ်"တရားတော်(ဒုတိယပိုင်း) [အရှင်ဧဝေယျပဏ္ဍိတ (ပိုင်းလော့ဆရာတော်)] |
| ၇း၅၅ - ၁း၅၅ | တက်ညီလက်ညီရုပ်တည်နိုင်ပြီ တိုင်းဧရာဝတီ |
| ၈း၁၀ - ၂း၁၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၃၅ - ၂း၃၅ | သာယာပျော်ရွှင် စိမ်းလဲ့တင် |
| ၈း၅၅ - ၂း၅၅ | ကလေးတို့အတွက် လက်ဆောင် (မိကျောင်းရုပ်နှင့်သရဖူကလေးခေါက်ကြရအောင်) |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | ဦးနှောက်သွေးကြောပေါက်၍လေဖြတ်ခြင်းအကြောင်း (ပါမောက္ခဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်) |
| ၉း၄၀ - ၃း၄၀ | လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၁၀း၀၅ - ၄း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | လေ့လာဆည်းပူးသင်ယူချင်စရာ RV Centre မှာ (အပိုင်း-၂) |
| ၁၀း၄၅ - ၄း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | သွားမယ်၊ စားမယ် (ကရဝိက်နန်းတော်) |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | စိတ်၏စွမ်းအား Aikido အားကစား |
| ၁၁း၄၅ - ၅း၄၅ | Fashion Fever (ဒီဇိုင်နာ ခင်စန်းဝင်း၏ သတို့သမီးဖက်ရှင်) |
| ၁၂း၀၅ - ၆း၀၅ | နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့ |
| ၁၂း၃၀ - ၆း၃၀ | MRTV 4 စာအုပ်စင်ကဏ္ဍ (အကယ်ဒမီဒါရိုက်တာကြည်စိုးထွန်းနှင့် တွေ့ဆုံခြင်း) |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclay Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၀ | Everton-Fulham | ESPN (Live) |
| ၉း၂၅ | Man Utd-Hull City | ESPN (Live) |
| | Chelsea-Sunderland | Star Sports (Live) |
| ၁၁း၅၅ | Stoke City-Arsenal | ESPN(SDD) |
| | Tottenham-Liverpool | Star Sports (Live) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Juventus-Roma | 5-Cartoons(Live) |

## ကုလသမဂ္ဂအထွေထွေညီလာခံက ကျူးဘားအပေါ် စီးပွားရေးပိတ်ဆို့မှု ဖွင့်ပေးရန် အမေရိကန်ကို (၁၇)ကြိမ်မြောက်တိုက်တွန်းကြောင်း ဆုံးဖြတ်

**ကုလသမဂ္ဂ အောက်တိုဘာ ၃၀**

ကျူးဘားနိုင်ငံအား ၄၆ နှစ်ကြာမျှ စီးပွားရေးပိတ်ဆို့ထားမှုကို ပြန်လည်ဖွင့်ပေးရန်အတွက် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းသည့် ဆုံးဖြတ်ချက်ကို ဗုဒ္ဓဟူးနေ့က ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် စံချိန်တင်လောက်အောင် များပြားသည့် ထောက်ခံမဲများပေးကာ ဆုံးဖြတ်သည်။ ယင်းဆုံးဖြတ်ချက်သည် (၁၇) ကြိမ်မြောက် ဆက်တိုက်ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်ပင် ဖြစ်သည်။

ကျူးဘားနိုင်ငံအား အမေရိကန်ပြည်ထောင်စုက စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးအရေးယူပိတ်ဆို့ထားခြင်းကို အဆုံးသတ်ရန် လိုအပ်သည်ဟူသော ခေါင်းစဉ်ဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံက ဆုံးဖြတ်ချက်ချရာတွင် ထောက်ခံမဲ ၁၈၅မဲ၊ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေ နှစ်မဲဖြင့် အတည်ပြုလိုက်သည်။

အောက်တိုဘာ ၁၀ရက်က မိန့်ခွန်းပြောကြားရာတွင် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်က ကျူးဘားနိုင်ငံသည် မြေအောက်အကျဉ်းတိုက်ဖြစ်သည်ဟုခေါ်ဝေါ်သုံးနှုန်းခဲ့သည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားများအား မလွှတ်ပေးသမျှ ကာလပတ်လုံး ကျူးဘားအား ပိတ်ဆို့မှုကို ဖွင့်ပေးမည်မဟုတ်ဟု ဘုရှ်အစိုးရက ပြောကြားခဲ့သည်။ သို့ဖြစ်၍ ထိုကုလသမဂ္ဂ၏ အထက်ပါ ဆုံးဖြတ်ချက်သည် မည်သည့်အကျိုး သက်ရောက်မှုမျှ ရှိနိုင်မည်မဟုတ်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***



**စပိန်နိုင်ငံ ဗန်ဂလိုနာမြို့ နာဗာရီတက္ကသိုလ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားနေသည်ကို အောက်တိုဘာ ၃၀ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အမေရိကန်ကျူးကျော်မှုကို ဆီးရီးယားပြည်သူတို့ ကန့်ကွက်ဆန္ဒပြ

**ဒမတ်စကတ် အောက်တိုဘာ ၃၀**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်တွင် ကြာသပတေးနေ့က ထောင်ပေါင်းများစွာသော ဆီးရီးယားပြည်သူများသည် အမေရိကန်တပ်ဖွဲ့များ၏ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်ခြင်းကို ကန့်ကွက်သောအားဖြင့် နိုင်ငံတော်အလံများ ဝှေ့ယမ်းကာ အမေရိကန်ဆန့်ကျင်သော စာတန်းများကို ကိုင်ဆောင်၍ လှည့်လည် ဆန္ဒပြကြသည်။

ဆန္ဒပြကြသူများတွင် ပြည်သူများ၊ ဘာသာရေး အဖွဲ့အစည်းများ၊ ကျောင်းသားများ၊ အမျိုးသမီးများနှင့် သမဂ္ဂအဖွဲ့အစည်းများမှ ပါဝင်ကြပြီး မြို့လယ်မှစတင်ကာ လမ်းအသီးသီးသို့ နံနက်ပိုင်းမှစ၍ ချီတက်ခဲ့ကြသည်။

ဆန္ဒပြသူများသည် ဆီးရီးယားအလံများ ဝှေ့ယမ်းကြသည်။ အမေရိကန် ဆန့်ကျင်ရေး စာတန်းများဖြစ်သည့် "ဆီးရီးယားပိုင်နက်နယ်မြေကို အမေရိကန်ကျူးကျော်မှု အလိုမရှိ"၊ "အမေရိကန်ကျူးကျော်မှု ကျရှုံးပါစေ" စသည့်စာတန်းများကို ကိုင်ဆောင်ထားကြကြောင်း ဆင်ဟွာသတင်းထောက်က ပြောကြားသည်။

အမေရိကန်တို့၏ တိုက်ခိုက်မှုသည် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်သော တရားမျှတမှု မရှိသည့် ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်ဟု ကန့်ကွက်သူများက ရှုတ်ချကြသည်။ ***အင်တာနက်။***

## တီကရစ်၌ ကားဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင် ဒဏ်ရာရရှိ

**ဆာလာ့ဒ်အယ်လ်ဒင် အောက်တိုဘာ ၃၀**

အီရတ်နိုင်ငံ တီကရစ်မြို့၌ အောက်တိုဘာ ၃၀ ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် ကာဒစ်ရှ်ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တီကရစ်မြို့ အရှေ့ဘက်၁၅ ကီလိုမီတာအကွာရှိ အယ်လ်ဘိုအေဂျယ်ကျေးရွာတွင် ကာဒစ်ရှ် လုံခြုံရေးတပ်ဖွဲ့များ ပိုင်ဆိုင်သည့် ရေနံတင်ကားများကို ပစ်မှတ်ထားကာ ကားဗုံးဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် အီရတ်နိုင်ငံမြောက်ပိုင်းသို့ ဦးတည်မောင်းနှင်လာသော ရေနံတင်ယာဉ်သုံးစီး ပျက်စီးခဲ့ကြောင်း ထည့်သွင်း ပြောကြားသည်။

ဆာလာအယ်လ်ဒင်သည် ဘဂ္ဂဒက်မြို့ မြောက်ဘက်အလယ်ပိုင်း၌ တည်ရှိပြီး စတုရန်းကီလိုမီတာ ၂၄၇၅၁ ကျယ်ဝန်းကာ လူဦးရေ ၂၁၄၆၅၀၀နေထိုင်သည်။ ယင်းဒေသ၏ မြို့တော်မှာ တီကရစ်ဖြစ်သည်။ ***အင်တာနက်။***






**အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် လူ၆၀ကျော်သေဆုံးရသော ဂူဝါဟာတီမြို့၌ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှုမြင်ကွင်းကို အောက်တိုဘာ ၃၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုများကြောင့် တစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၃၀**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အောက်တိုဘာ ၃၀ရက်က ကားဗုံးနှင့် လမ်းဘေးဗုံးတို့ ပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဟာရီရာဒေသ ရှီးယိုက်ရပ်ကွက်တွင် မွန်းတည့်ချိန်မတိုင်မီက လူစည်ကားသော ဈေးတစ်ခုအနီး၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားတစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ယင်းဌာနက ဆင်ဟွာသို့ ပြောကြားသည်။

ပေါက်ကွဲမှု ပြင်းထန်ခြင်းကြောင့် အချို့ဈေးဆိုင်များနှင့်အရပ်သားကားများ ပျက်စီးခဲ့သည်။

အလားတူဘဂ္ဂဒက်မြို့အရှေ့တောင်ပိုင်း ဖက်ဟီလီယတ်ချ်ရပ်ကွက်တွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့အနီး လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦးဒဏ်ရာရရှိပြီး ရဲကားတစ်စီးနှင့် အနီးနားရှိ အရပ်သားကားများလည်း ပျက်စီးခဲ့ရသည်။ ***အင်တာနက်။***

## အီရတ်နိုင်ငံ ဝါဆစ်ဒေသ၌ လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားဖမ်းမိ

**ဝါဆစ် အောက်တိုဘာ ၃၀**

အီရတ်နိုင်ငံ ကွတ်မြို့အရှေ့ဘက် အယ်လ်ကာရီသီယာ စိုက်ပျိုးရေးဒေသအတွင်း အောက်တိုဘာ ၃၀ ရက်က ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းအမြောက်အမြားကို ရဲတပ်ဖွဲ့များက ရှာဖွေတွေ့ရှိကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်း၌ ဖော်ပြသည်။

ရဲတပ်ဖွဲ့များက စိန်ပြောင်းကျည် ၅၀၊ တင့်ကားဖျက်မိုင်း ၆၀၊ မြေမြှုပ်မိုင်း ၂၅ခုနှင့် ပေါက်ကွဲစေတတ်သည့် တီအင်တီယမ်း အမြောက်အမြားကို ဖမ်းဆီးရမိကြောင်း ထည့်သွင်းပြောကြားသည်။

ဘဂ္ဂဒက်မြို့ တောင်ဘက် ကီလိုမီတာ ၁၈၀အကွာရှိ ရှီးယိုက်ပြည်နယ် ဝါဆစ်ဒေသသည် နိုင်ငံ၏အရှေ့ဘက်တွင် ရှိသည်။ ***အင်တာနက်။***



**ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် အမေရိကန်၏ လုပ်ရပ်များကို ဆန့်ကျင်ဆန္ဒပြနေသူများအား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ကဘူးမြို့လယ်ရှိ အစိုးရရုံးအတွင်း ဗုံးပေါက်ကွဲ၊ ငါးဦးသေဆုံး

**ကဘူး အောက်တိုဘာ ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့လယ် ပြန်ကြားရေးဝန်ကြီးရုံးအတွင်း အောက်တိုဘာ ၃၀ ရက်က အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ငါးဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တာလီဘန်များက ပြောကြားရာတွင်ယင်းဝန်ကြီးဌာနရှိ နိုင်ငံခြားသားအကြံပေးအရာရှိများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အယ်လ်ခိုင်ဒါစစ်သွေးကြွများကလည်း ဝန်ကြီးဌာနအစောင့်အကြပ်များနှင့် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်ဟု ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် ကဘူးမြို့လယ်ရှိ သမ္မတအိမ်တော်မှ မီတာ ၁၀၀ ခန့်အကွာရှိ ပြန်ကြားရေးဝန်ကြီးဌာန၏ ပထမထပ် ပျက်စီးခဲ့ပြီး ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

***အင်တာနက်။***



**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသောနေရာကို အောက်တိုဘာ ၃၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်နိုင်ငံက အမေရိကန်နှင့် လုံခြုံရေးစာချုပ် ပြင်ဆင်လို

**ဘဂ္ဂဒက် အောက်တိုဘာ ၃၀**

အမေရိကန်ပြည်ထောင်စုနှင့် သဘောတူထားသော လုံခြုံရေးစာချုပ်မူကြမ်းတွင် အမေရိကန်တပ်ဖွဲ့များသည် အီရတ်နယ်မြေအတွင်းမှ အိမ်နီးချင်းနိုင်ငံများကိုတိုက်ခိုက်ခြင်းအား တားမြစ်ပိတ်ပင်သည့်အချက် ထည့်သွင်းပြင်ဆင်လိုကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

ပြောရေးဆိုခွင့်ရှိသူ အလီအယ်လ်ဒက်ဆက်ချ်က အီရတ်နိုင်ငံသည် အမေရိကန် တပ်ဖွဲ့ဝင်များအား အီရတ် တရားရုံးများတွင် တရားစွဲဆိုနိုင်သော စကားလုံးအသုံးအနှုန်းများကိုလည်း ပြင်ဆင်လိုသည်ဟု ပြောကြားသည်။ လုံခြုံရေးစာချုပ်တွင် အီရတ်နိုင်ငံမှပြင်ဆင်ပေးရန် တောင်းဆိုထားသည့်ပြောင်းလဲလိုသောအချက်များကို အမေရိကန် ဆွေးနွေးရေးသမားများသည် ဗုဒ္ဓဟူးနေ့က စတင်လေ့လာနေသည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

**❑ ငြိမ်းချမ်းရေးမှ**

သို့ဖြင့် ခရီးရောက်မဆိုက် ဖထီး ကိုကျွန်တော်တို့ ဝင်ရောက် ဂါရဝပြု နှုတ်ဆက်ခဲ့ကြရာ ဖထီး၏အိမ်ကား သစ်ရိပ် ဝါးရိပ်တို့ဖြင့် အေးမြလှ သည်။

ဖထီးက ညှော့ခန်းအတွင်းမှပင် သူ့အမြင်၊သူ့အတွေးတို့ကို အေးဆေး ဖြည်းညင်းစွာဖြင့် ရှင်းပြပါသည်။

"မြန်မာနိုင်ငံဟာ တကယ့် အေးချမ်းသာယာတဲ့ တိုင်းပြည်ပါ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီစည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး မကြာမီ ပေါ်ပေါက် လာတော့မှာ ဖြစ်တဲ့အတွက် ဖထီး စိတ်ထဲမှာ အခုကတည်းက ပီတိ ဖြစ်နေပြီ။

အခုဆိုဖထီးတို့ရွာမှာ စိုက်ပျိုးရေး လည်းအောင်မြင်နေပြီ၊ မွေးမြူရေး လည်း အောင်မြင်နေပြီ၊ မွေးမြူရေး ဆိုရင် ၁၉၉၉ခုနှစ်မှာ FAO ဆု ဖထီး ရခဲ့ပြီ၊ အဲဒီတုန်းက ဖထီးမွေးတဲ့ဥစား ကြက်တွေက ၉၇ရာခိုင်နှုန်းရခဲ့တယ်၊ စိုက်ပျိုးရေးမှာလဲ ဖထီးအခုဆိုစပါး တွေ၊ ရော်ဘာတွေစိုက်ပျိုးထားတယ်။

ဒီဘုရားကုန်းကျေးရွာကို ဖထီးတို့ ၁၉၉၈ခုနှစ်ဇွန်လမှာ စတင်ထူထောင် ခဲ့ပါတယ်၊ ၁၉၉၉ခုနှစ်မှာ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းတွေအောင်မြင် လာခဲ့ပြီ။

စပါးကတော့ မနောသုခနဲ့ မနော ထွန်းမျိုးတွေပါ၊ ၂၀၀၉-၂၀၁၀ခုနှစ် ဆို စံပြမျိုးတွေ အကုန်ပြောင်းစိုက် မယ်၊ ရော်ဘာကတော့ ဧက ၂၀၀ စိုက်ထားတယ်၊ လာမည့်ဆောင်းရာသီ မှာ ကောက်ပဲသီးနှံနဲ့ သစ်သီးဝလံ တွေ ဆက်စိုက်မယ်။

နိုင်ငံတော်ကလည်းဖထီးတို့ ၁၉၉၈ ခုနှစ်က ပြန်လာတော့ မြေဧက ၅၀၀၊ လယ်ထွန်စက်တွေ၊ယာဉ်တွေ၊ စိုက်ပျိုး ရေးနှင့်မွေးမြူရေးလုပ်ငန်းတွေ၊ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း ဌာန ဆိုင်ရာတွေက ဝိုင်းဝန်းပံ့ပိုးကြပါ တယ်၊ ရွာထဲမှာ ကျောင်း၊ ဆေးခန်း တွေ၊ အောင်ဆန်းသူရိယ စောမြင့် စာကြည့်တိုက်တွေ ရှိပါတယ်၊ အခု အောင်ဆန်းသူရိယစောဘရီ အစည်း အဝေးခန်းမဆောက်ဦးမယ်။

အခုဆို ဖထီးငြိမ်းချမ်းမှုရဲ့ အေးမြ တဲ့အရသာကို ပိုပြီးခံစားရပါတယ်၊ အရင်တောတွင်းလက်နက်ကိုင်ဘဝက ဆိုရင် အမြဲပူနေရတာ၊ အခုမြင်တွေ့ နေရတဲ့ ဒေသဖွံ့ဖြိုးတိုးတက်မှုတွေ ဟာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေ ပဲ"ဟု ဖထီးက မမောနိုင် မပန်းနိုင် ရှင်းလည်းရှင်းပြ၊ ကျေးရွာအနှံ့ကို လိုက်လည်း လိုက်ပြပါသည်။

မှန်ပါသည်။ ကျွန်တော်တို့ လေ့လာ မိသမျှ ကရင်ပြည်နယ် တစ်ဝန်းလုံး ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ခံစားလျက် ရှိကြပေပြီ။

ထို့ပြင် ထို့ကော်ကိုးကျေးရွာသို့ ရောက်ရှိခဲ့ရာ ထို့ကော်ကိုးကျေးရွာ သည်လည်း တည်ငြိမ်အေးချမ်းလာ သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာ သည်ကိုတွေ့မြင်ခဲ့ရပါသည်။ နေအိမ် အဆောက်အအုံများ၊ လျှပ်စစ်မီးများ၊ ရေပေးဝေမှုလုပ်ငန်းများအပြင် လမ်း ပန်း ဆက်သွယ်ရေးအဖြစ် (၆/၆)မိုင် ရှိ ညီညာပြန့်ပြူးသော ကတ္တရာလမ်း ဖြစ်သည့် နဘူး-ထို့ကော်ကိုးလမ်းပိုင်း နှင့် အရှည် ၁၁၆ပေရှိ တံတားငယ် များကို ဆောက်လုပ်ပေးထားပြီးဖြစ် သည်။ ဒဝယ်ဒါန်တံတားကိုလည်း နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင်ဆေးပေးခန်း၊ စာကြည့်တိုက် နှင့် ကျောင်းများ၊ အခြားလိုအပ်ချက် များနှင့် စိုက်ပျိုးရေးလုပ်ငန်းအဖြစ် စိုက်ပျိုးမြေဧက ၃၀၀ ဖော်ထုတ်ခြင်း၊ ရေနက်ကွင်းများတွင် ရေနက် ၅ စပါး ၁၁၂ ဧက၊ ဆင်းသွယ်လတ်စပါး ၁၀ ဧကနှင့် ခေါက်ဒင် (တောင်ယာ)စပါး ၁၂ဧကတို့စိုက်ပျိုးခြင်း၊ မွေးမြူရေး လုပ်ငန်းများအကောင်အထည်ဖော်နေ ခြင်းတို့ကို ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသများမှာ ယခင်က ရေနက်ကွင်းများ၊ ချုံတောပလပ်မြေ များဖြစ်ခဲ့ပြီးမကြာမီအတွင်း ရော်ဘာ နှင့် စပါးတောင်လို ပုံလာပေတော့ မည်။ နဘူးချောင်းနှင့် ပတချောင်းကို ပိတ်၍ ရေလှောင်တမံ စီမံကိန်းကြီး နှစ်ခုကို နိုင်ငံတော်က အကောင် အထည်ဖော်နိုင်ရန် စူးစမ်းလေ့လာ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကြီး ပြီးစီးပါက စိုက်ပျိုးမြေဧက ၁၀၀၀၀ ကို အကျိုးပြုနိုင်မည့်အပြင် ရေအား လျှပ်စစ် နှစ်မဂ္ဂါဝပ်ပါ အသုံးပြုနိုင် မည်ဖြစ်ကြောင်းသိရသည်။

ညနေစောင်းတွင် ဘားအံမြို့ သို့ ကျွန်တော်တို့ ပြန်လည် ထွက်ခွာ လာခဲ့ကြပါသည်။ အပြန်ခရီးတွင် ဖထီးပဒိုအောင်ဆန်း မှာကြား လိုက်သည့် "ခင်ဗျားဆောင်းပါး ခေါင်းစဉ်ကို ငြိမ်းချမ်းရေးရဲ့ အသီး အပွင့်များလို့ ရေးဗျာ" ဟူသည့် စကားသံကိုလည်း အကြိမ်ကြိမ်ကြား ယောင်မိပါသည်။

ကရင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးတစ်ဝန်းလုံး အစဉ် ထာဝရ ငြိမ်းချမ်းသာယာရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ထိန်း သိမ်းကာကွယ် စောင့်ရှောက်ရေးမှာ ပြည်ထောင်စုသားအားလုံး၏ သမိုင်း ပေးတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



ကရင်ပြည်နယ် ဘုရားကုန်း ကျေးရွာမှ ပဒိုအောင်ဆန်း အား တွေ့ဆုံမေးမြန်းစဉ်။



ကရင်ပြည်နယ် ဘားအံမြို့ ဘုရားကုန်းကျေးရွာမှ အခြေခံပညာအလယ်တန်းကျောင်းခွဲကို တွေ့ရစဉ်။



ကရင်ပြည်နယ် ဘားအံမြို့ ဘုရားကုန်းကျေးရွာမှ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းကိုတွေ့ရစဉ်။

**မြန်မာနိုင်ငံဟာ တကယ့်အေးချမ်း သာယာတဲ့ တိုင်းပြည်ပါ၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အညီ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး မကြာမီ ပေါ်ပေါက်လာ တော့မှာဖြစ်တဲ့အတွက် ဖထီး စိတ် ထဲမှာ အခုကတည်းက ပီတိဖြစ်နေပြီ။**



ထို့ကော်ကိုးကျေးရွာရှိ လူနေအိမ်အချို့ကိုတွေ့ရစဉ်။



ဘုရားကုန်းကျေးရွာမှ ကျေးလက်ကျန်းမာရေး ဌာနကိုတွေ့ရစဉ်။

# မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်ရေး

**မခင်ထား**

ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် တိုင်းရင်းဆေးပညာ ဦးစီးဌာနကို ၃-၈-၁၉၈၉ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး မြန်မာ့တိုင်းရင်းဆေး ပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်စေခဲ့ ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနသည် ကုသရေးလုပ်ငန်းအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ခုတင် ၅၀ဆံ့ တိုင်းရင်းဆေးရုံကြီး နှစ်ရုံ၊ အခြားပြည်နယ်၊ တိုင်းမြို့များတွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၂ ရုံ၊ ခရိုင်တိုင်းရင်းဆေးကုဌာန ၄၃ ခု၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၁၉၄ ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ နှစ်ရုံမှ ဌာနသုံးတိုင်းရင်းဆေးဝါး ၂၀ မျိုးနှင့် အရောင်းဆေး ၁၂ မျိုး အပါအဝင် နှုန်းမီစံကိုက်ဆေးဝါးများ ထုတ်လုပ် လျက်ရှိသည်။

ထို့ပြင် ဆေးဝါးထုတ်လုပ်ရေး ကုန်ကြမ်းများရရှိရန်နှင့် ပရဆေးပင် မျိုးများ ထိန်းသိမ်းစောင့်ရှောက်ရန် မျိုးထိန်းပရဆေး ဥယျာဉ်ကိုးခု တည်ထောင်စိုက်ပျိုးထားပြီး ရုံးချုပ်တွင် သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနမှ တိုင်းရင်းဆေးဝါးများ အရည်အသွေးစစ်မှန်မှု ရှိ၊ မရှိ သုတေသနဓာတ်ခွဲ ပေးခြင်းလုပ်ငန်းနှင့် မြန်မာ့တိုင်းရင်းဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာ ပေးလုပ်ငန်းများနှင့် ရှေးဟောင်းဆေးကျမ်း၊ ပေ၊ ပုရပိုက်များ စုဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးဝါးဌာနခွဲမှလည်း ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း၊ ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိသည်။

တိုင်းရင်းဆေးပညာရပ်များ သင်ကြားရေးကဏ္ဍအနေဖြင့် မန္တလေး မြို့တွင် တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးတက္ကသိုလ်များ ဖွင့်လှစ်ထား ပြီး တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။ မန္တလေး တိုင်းရင်းဆေးသိပ္ပံမှ အမှတ်စဉ်(၂၉)ထိ တိုင်းရင်းဆေးပညာ ဒီပလိုမာဘွဲ့ လက်မှတ်ရ ၂၀၅၂ ဦး မွေးထုတ်ပေးခဲ့ပြီး အမှတ်စဉ်(၃၀) သင်တန်းမှာ ဖွင့်လှစ်ဆဲဖြစ်သည်။ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှာ ၂၀၀၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကာ BMTM ဘွဲ့ရ ၁၇၄ ဦး မွေးထုတ်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ပထမအကြိမ်ဘွဲ့နှင်းသဘင် အခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြီးဖြစ်သည်။

နိုင်ငံတော်မှ တိုင်းရင်းဆေးဆရာများ အရည်အသွေးမြှင့်တင်နိုင် ရေးနှင့် တိုင်းရင်းဆေးဆရာများ စည်းလုံးညီညွတ်ရေးတို့ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းဆေးကောင်စီ ဥပဒေ ကို ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး တိုင်းရင်းဆေးကောင်စီကိုလည်း ဖွဲ့စည်းပေးခဲ့ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်မြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်ရေး၊ မြန်မာ့ တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်း ဆေးကို ပြည်သူများ ယုံကြည်အားထားမှု ပိုမိုရရှိရေးစသော မွန်မြတ် သော ရည်ရွယ်ချက်များဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၈၊ ၂၉ ရက်တို့တွင် အဋ္ဌမအကြိမ်ထိ အောင်မြင်စွာ ကျင်းပပြီးဖြစ်သည်။

အဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် မြန်မာနိုင်ငံတစ်ဝန်းမှ ညီလာခံကိုယ်စားလှယ် ၃၁၅ ဦး တက်ရောက်ခဲ့ ကြပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေး ပညာ၏ ပူးပေါင်းပါဝင်မှု အခန်းကဏ္ဍ ပိုမိုမြှင့်တင်ရေး ကြိုးပမ်းဆောင် ရွက်ရန်၊ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော မြန်မာ့တိုင်းရင်းဆေးပညာ နှင့် ကုထုံး၊ ကုနည်းများ၊ ဆေးကျမ်းများကို ရှာဖွေဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး အတွက် တိုင်းရင်းဆေးဆိုင်ရာ အကြောင်းအရာများကို စနစ်တကျ ရေးသားဖော်ပြထုတ်လွှင့်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်၊ မြန်မာ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်ရန်၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်စေရေး အားပေးဆောင်ရွက်ရန်နှင့် မြန်မာ့တိုင်းရင်းဆေးကုန်ကြမ်း ဖူလုံစေရေး အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးမှသည် စီးပွားဖြစ်အဆင့်ထိ ပရဆေး ဥယျာဉ်များ ထူထောင်ကြရေး ပညာပေးစည်းရုံးရန်ဟူသည့် အဆိုပြုချက် (၆)ချက်ကို တင်သွင်းပြီး တစ်ခဲနက်ထောက်ခံခဲ့ကြပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက် ရှိရာ ၂၀၀၇ခုနှစ်အတွင်း မွန်ဂိုလီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ များသို့ သွားရောက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ သီရိလင်္ကာနိုင်ငံသို့ တိုင်းရင်းဆေးညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေး ပစ္စည်းပြပွဲများ သွားရောက်ပြသခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ မကြာ သေးမီက ဆောင်ရွက်ပြီးစီးသော လုပ်ငန်းတစ်ခုဖြစ်သည့် နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် တည်ထောင်ခြင်းလုပ်ငန်းကို ဆက်လက် လေ့လာတင်ပြလိုပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ ပြည်တွင်း၊ ပြည်ပမှ လေ့လာသူများ လာရောက်လေ့လာနိုင်ရန် ပရဆေးပင်မျိုးစုံလင်သော နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီး ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားပရဆေးဥယျာဉ်ကြီးကို နေပြည်တော် တောင်ညိုလမ်းမကြီးဘေး ၁၉၆ ဒသမ ၄၈ဧက ကျယ်ဝန်း သော မြေဧရိယာပေါ်တွင် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပြီး ၄- ၁-၂၀၀၈ ရက် လွတ်လပ်ရေးနေ့တွင် ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ ပါသည်။ မူလမျိုးထိန်း ပရဆေးဥယျာဉ်ကို အဆင့်မြှင့်တင် ဆောင်ရွက် ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးတို့ ပါဝင်သော ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အမျိုးသားပရဆေးဥယျာဉ်ကြီးအတွင်းတွင် မြန်မာနိုင်ငံ ဒေသမျိုးစုံ၌ ပေါက်ရောက်သော အစွမ်းထက် ရှားပါးပရဆေးအပင်မျိုးစုံ ကို စုစည်းတွေ့မြင်နိုင်မည် ဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါသုံး ဆေးပင်များ၊ မွန်ပြည်နယ်နှင့် ကရင် ပြည်နယ်တို့မှ ဆေးဖက်ဝင်အပင်များနှင့် အခြားဆေးဖက်ဝင် အပင် အမျိုးမျိုးကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါသုံးဆေးပင်များ၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ဆေးဖက်ဝင်အပင်များနှင့် အခြား ဆေးဖက်ဝင် အပင်အမျိုးမျိုးတို့ကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ငှက်ဖျားရောဂါနှင့် တီဘီရောဂါသုံး ဆေးပင်များ၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ဆေးဖက်ဝင်အပင်များ၊ ဆေးဖက်ဝင်သစ်ခွရုံနှင့် အခြားဆေးဖက်ဝင် အပင်အမျိုးမျိုးကိုလည်းကောင်း စုဆောင်းစိုက်ပျိုး ထားသည်။

ထို့ပြင် ဝန်ကြီးဌာနအလိုက် ရှင်းလင်းဆောင်နှင့် ပင်မရှင်းလင်း ဆောင်များကိုလည်းကောင်း၊ တိုင်းရင်းဆေးပစ္စည်း ပြတိုက်တစ်ခုနှင့် တိုင်းရင်းဆေးသုတေသနပြတိုက်တစ်ခုကိုလည်းကောင်း ဖွင့်လှစ်ထားပြီး တိုင်းရင်းဆေးဝါးဆိုင်ရာ ပေ၊ ပုရပိုက်၊ ကျမ်းများ၊ စာအုပ်စာတမ်းများ၊ တိရစ္ဆာန်ထွက်ပရဆေးပစ္စည်း၊ ရေထွက်ပရဆေးပစ္စည်း၊ မြေထွက်ပရ ဆေးပစ္စည်းစသည်များနှင့် ပရဆေးပင်ဆိုင်ရာ သုတေသနပြုဆောင်ရွက် ထားမှုများကို ပြသထားသည်။ အမျိုးသားပရဆေးဥယျာဉ်ရှိ အဆောက် အအုံများ၊ လမ်းများ၊ ရေကန်များစသည့် တည်ဆောက်ရေးလုပ်ငန်း အဝဝကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးစီမံကိန်းမှ ဆောင်ရွက်ခဲ့သည်။

**“မြန်မာနိုင်ငံသည် အဖိုးတန်ပရဆေးပင်များ၊ ရှားပါးအပင် မျိုးများ၊ တန်ဖိုးမဖြတ်နိုင်သည့် တိုင်းရင်းဆေး ပညာရပ်များကို ပိုင်ဆိုင်လျက်ရှိရာ အမျိုးသားအမွေအနှစ်ဖြစ်သည့် မိမိတို့၏ပိုင်ဆိုင် မှုများ လျော့ပါးပျောက်ပျက်မသွားစေရအောင်နှင့် ရေရှည်တည်တံ့ ခိုင်မြဲစေရအောင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် တာဝန်ရှိပါသည်”**ဟု အဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်း ဆေးသမားတော်များ ညီလာခံသို့ပေးပို့ သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာပါ လမ်းညွှန်ဖော်ပြချက်ကို အလေးအနက် ဦးထိပ်ထားလျက် မြန်မာ့တိုင်းရင်းဆေးဝါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှုအတွက် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီး ဌာန၏ ဘက်စုံဆောင်ရွက်နေမှု အခန်းကဏ္ဍများကို လေ့လာဖော်ပြရင်း မြန်မာ့တိုင်းရင်းဆေး ရွှေခေတ်ရောက်ရှိလာမည့် အခြေအနေများကို တင်ပြနိုင်ရုံးချုပ်အပ်ပါသည်။ ။

**“မြန်မာနိုင်ငံသည် အဖိုးတန်ပရဆေးပင်များ၊ ရှားပါးအပင်မျိုးများ၊ တန်ဖိုးမဖြတ်နိုင် သည့် တိုင်းရင်းဆေးပညာရပ်များကို ပိုင်ဆိုင်လျက်ရှိရာ အမျိုးသားအမွေအနှစ်ဖြစ်သည့် မိမိတို့၏ ပိုင်ဆိုင်မှုများ လျော့ပါးပျောက်ပျက်မသွားစေရအောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေ ရအောင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက် ကြရန် တာဝန်ရှိ”**

## ပန်းချီပြိုင်ပွဲပြပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က ပါဝင်ကူညီ မည့် TunFoundation Bank Best Painting of the year-2008 ပန်းချီ ပြိုင်ပွဲပြပွဲကို ဒီဇင်ဘာလတွင် ကျင်းပ မည်ဖြစ်ရာ ပညာရှင်တစ်ဦးလျှင် ၃ပေx၄ပေအောက်မငယ် ၄ပေx၆ပေ ထက်မကြီးသည့် ပန်းချီကားနှစ်ကား နှုန်းရေးဆွဲယှဉ်ပြိုင်နိုင်သည်။ အဆိုပါ ပန်းချီကားများအတွက် ဓာတ်ပုံနှစ်ပုံ သို့မဟုတ်စီဒီကို၃၁/၆၁၊ ကမ်းနားလမ်း နှင့် သိမ်ဖြူလမ်းထောင့်ရုံးသို့နိုဝင်ဘာ ၁၅ရက်အထိ ပေးပို့နိုင်ကြောင်း သိရ သည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁-၁၁-၂၀၀၈ (စနေနေ့)**

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိုင်းသားဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - အချစ်ရက်လွန်ကြေး ပေးရန်ရှိသည် (လွင်မိုး၊ နန္ဒာလှိုင်)
၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၇။ အပိုင်းသားဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာ တစ်လွှား
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး အပိုင်း (၁၉)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၀။ အင်္ဂလိပ်စာသုတ (English Usage)
၂၁။ ယနေ့ညအတွက်မြဝတီ ၏ တေးလက်ဆောင်
၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေကြောင်းမြို့တော် အပိုင်း(၉)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိုင်းသားဆက်စကား
၂၅။ ပြီးပါပြီ။



# ပျော်ဘွယ်-ဘုရားငါးဆူ လမ်းပိုင်းလုပ်ငန်း ဆောင်ရွက်နေမှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၁

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့နယ် လင့်စင်ကုန်းကျေးရွာရှိ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးလွမ်းသူနှင့် စီမံကိန်း ဒါရိုက်တာဦးကျော်ဝေတို့က ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းပိုင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုရှင်းလင်း တင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

ယင်းနောက်ဝန်ကြီးက ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းကို သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး၊ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း ဖောက်လုပ်ပြီးစီးသွားပါက နေပြည်တော်-ရွှေညောင်နှင့် နေပြည်တော်မှ လွိုင်ကော်မြို့များသို့ သွားလာနိုင်မည်ဖြစ်၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဘုရားငါးဆူ ဘူတာသို့ ရောက်ရှိပြီး ခရီးသည် နားနေဆောင်နှင့် ဘူတာယာဒ်ဝင်း တိုးချဲ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးသည် အောင်ပန်းဘူတာသို့ရောက်ရှိပြီး လူစီးရထားများ ပြေးဆွဲနေမှုအခြေအနေနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး ဘူတာယာဒ်ဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ရေးစီမံကိန်း တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် အောက်တိုဘာ ၂၄ ရက်တွင် ခန္တီးမြို့ ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာမှူး ဦးဝင်းလွင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဆုပေး**



**မန္တလေးတိုင်းရင်းဆေးသိပ္ပံအမှတ်စဉ် (၁၈)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ပထမအကြိမ် အာစရိယ ပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ရက်ကကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုပူဇော်ကန်တော့ကြပြီး ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီးဦးမြင့်လွင်၊ ဦးလှိုင်အောင်နှင့် ဆရာမကြီး ဒေါ်ခင်မမတို့က ဆုပေးဩဝါဒစကား မြွက်ကြားစဉ်။**

(၄၆၉)



**လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၅)၏ ညဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်က ကျောင်းခန်းမ၌ကျင်းပရာ အငယ်ဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ မမေမြတ်နိုးကျော်ဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုဒါရီက ဆုချီးမြှင့်စဉ်။**

(၃၂)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

# ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာများ

## လက်သည်းဆိုးဆေးနံ့ကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ သာကေတမြို့နယ် (၈)ရပ်ကွက် နဝရတ်(၇)လမ်းနှင့် သီတာလမ်းထောင့်တွင် လက်သည်းဆိုးဆေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အိမ်ပတ်ဝန်းကျင်၌ဆေးပုလင်းများကို ကော့စတတ်ဆိုဒါရည်များဖြင့်စိမ်၍ ဓာတုဗေဒဆေးရည်များကို ဇလားကြီးများတွင် ထည့်သွင်းထားပါသဖြင့် အနံ့ဆိုးများ ပျံ့ထွက်နေပါသည်။

ထို့အပြင် ဓာတုဗေဒ ဆေးရည်များကို စည်းကမ်းမဲ့ စွန့်ပစ်နေသောကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဓာတုဗေဒဆေးရည်နံ့များ ပျံ့နှံ့ထွက်ပေါ်နေမှုကို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

## သားငါးအနံ့ဆိုးများ နံစော်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ တာမွေမြို့နယ် ပုသိမ်ညွန့် စံပြရပ်ကွက် ကုက္ကိုသာယာလမ်းနှင့် ကောသမ္ဗီလမ်းတစ်လျှောက်တွင် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ ရောင်းချလျက်ရှိရာ အနံ့အသက်ဆိုးများ ပတ်ဝန်းကျင်သို့ ပျံ့နှံ့နေပါသည်။ ရေမြောင်းများလည်း ပိတ်ဆို့နေသောကြောင့် ခြင်၊ ယင်များ ပေါက်ပွားနေပါသည်။

သို့ဖြစ်ပါ၍ ကျူးကျော်ဈေးရောင်းချမှုများကို ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာသန့်ရှင်းစေလိုသူ**

## ချိုင့်ခွက်များကြောင့် သွားလာရေးခက်ခဲ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် ၅၅/၅၆ လမ်းဆုံမှ အလက(၄)၊ အထက(၂) အခြေခံပညာအထက်တန်းကျောင်းခွဲသို့သွားသော ပုဂံလမ်းသည် ချိုင့်ခွက်များဖြစ်ပြီး ပျက်စီးနေပါသည်။ အဆိုပါလမ်းအား အသုံးပြုနေသည့် ခရီးသွားများနှင့်ယာဉ်များ ကောင်းစွာ သွားလာ၍ မရကြပါ။

သို့ဖြစ်ပါ၍ ပုဂံလမ်းအား ပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ခရီးသွားတစ်ဦး**

## မုန့်မျိုးစုံကြော်သည့်ဈော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်(၂)ရပ်ကွက် ဇမ္ဗူရာဇ်ရွှေစင်လမ်းတွင် မုန့်မျိုးစုံကြော်သည့်လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်လျက်ရှိရာဈော်နံ့နှင့် အုန်းမှုန့်ခွက်များကို လောင်စာအဖြစ် အသုံးပြု၍ အနံ့ဆိုးများ ပျံ့နှံ့ထွက်ပေါ်နေပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ ရပ်ကွက်အတွင်းမှ မုန့်ကြော်သည့် ဈော်နံ့ကင်းရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဈော်နံ့မခံနိုင်သူများ**

## ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

## ယမကာဆိုင် ဖယ်ရှားပေးစေလို

**စာတည်းရှင့်-**

ရန်ကုန်မြို့ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၅)ရပ်ကွက် ဖားရွှေကျော်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်တွင် တရားမဝင် အရက်ဆိုင်တစ်ဆိုင်ရှိရာ သောက်စားမူးယစ်သူများ မကြာခဏခိုက်ရန်ဖြစ်ပွားခြင်း၊ လမ်းသွား၊ လမ်းလာများအား မဖွယ်မရာ ပြောဆိုပြုမူခြင်းများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရက်ဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူတစ်ဦး**

## သားရေစိမ်လုပ်ငန်း ဖယ်ရှားပေးပါ

**စာတည်းရှင့်-**

စစ်ကိုင်းတိုင်း ကလေးမြို့ အောင်သစ္စာရပ်ကွက် နယ်မြေ(၁၁)တွင် သားသတ်ရုံနှင့် သားရေစိမ်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အပုပ်နံ့များ ထွက်ပေါ်နေမှုကြောင့် ပတ်ဝန်းကျင်၌ နေထိုင်သူများ၏ ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကလေးမြို့သူ**

## စည်းကမ်းနှင့်အညီ ကြပ်မတ်ပေးစေချင်

**စာတည်းခင်ဗျား-**

ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် (၅)လမ်းရှိ ထရန်စဖော်မာအနီးတွင် နေ့ရောညပါ နေထိုင်သူအချို့သည် ထင်းမီးအသုံးပြု၍ ချက်ပြုတ်ခြင်း၊ ဆူညံစွာအော်ဟစ်ခြင်းများ ပြုလုပ်နေပါသဖြင့် ရပ်ကွက်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါစည်းကမ်းမဲ့ နေထိုင်ကြခြင်းကို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

## ကျန်းမာသန့်ရှင်းရေးဆောင်ရွက်ပြီးစီး

၂၆-၇-၂၀၀၈ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် သရက်ခြံ(၁)လမ်းမှ **ရပ်ကွက်အတွင်း ကျန်းမာသန့်ရှင်းစေလို** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

## ကားဘော်ဒီထုသံဆူညံ ရှင်းလင်းပြီးစီး

၁၇-၈-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက် ရတနာပုံလမ်းမကြီးမှ **ကားဘော်ဒီထုသံဆူညံ ဈော်နံ့နံ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်)အထိ အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့် အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းနှင့် အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းမှ ဦးအောင်သန်းဇော်နှင့် အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၅နှစ်မှ ၁၀နှစ်)အမျိုးသားဆိုင်း တစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်စည်သူထွန်း(ခ)စည်သူမောင်တင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်ဝင်းကိုကိုဇင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်စိုးညီညီတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်း၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မလှိုင်ထားထားမြင့်၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးဆိုင်း တစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ပေါက်ကျော်မ၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်နုနုလွင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိအိမွန်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မသီသီအောင်မင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မနီနီဝင်း၊အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀) အမျိုးသမီးဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်းနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ် )အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်(ခ)မြန်မာပြည်ဗိုမ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မဇင်မာဖြိုး၊ အခြေခံပညာအဆင့်(အသက် ၅နှစ်မှ ၁၀နှစ်)အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မယွန်းဝတီအောင်ကျော်စိုး၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မငွေးယုအောင်(ခ)ရွှေရည်စန်းလွင်နှင့် တတိယဆုရ



ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့် အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်)အထိ နှဲမှုတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းမှ မောင်ချမ်းလွင်မိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းမှ မရွှေရည်စိုးဗိုလ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်က ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးဟိန်းရာဇာနှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးဆိုင်းဗိုလ်နှင့်အဖွဲ့၊ တတိယဆုရရှိကြသည့် မန္တလေးတိုင်းမှ ဗိုလ်ဗိုလ်သိန်းနှင့်အဖွဲ့နှင့် ပဲခူးတိုင်းမှ တံခွန်မြတ်ဇင်အောင်နှင့်အဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်မင်း(ခ) ရန်ကုန်ဓူဝံနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်နှင့်အဖွဲ့၊ တတိယဆုရ ပဲခူးတိုင်းမှ ပတ္တမြားကုလား(ခ) ကျော်ကျော်လင်းနှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်မင်းနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဟိန်း(ခ)မျိုးဇော်အောင်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်လှိုင်ဝမ်းတူးနှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိုင်းကျော်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်ဗိုလ်ထူးနှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်ဇော်ဝင်းနိုင်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ရှိုင်းအောင်နှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်ထက်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ပြည့်စုံအောင်နှင့်အဖွဲ့၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဟိန်းမေတ္တာနှင့်အဖွဲ့တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်က ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ပေါက်ကျော်မနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မရွှေစင်ကလျာထက်ထက်ကျော်နှင့်အဖွဲ့၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မဒေါ်ခင်သစ်လွင်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မလှလှငွေးနှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအေးနန္ဒာဝင်းနှင့်အဖွဲ့၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မခင်မာစန်းနှင့်အဖွဲ့နှင့် တတိယဆုရ မွန်ပြည်နယ်မှ မရွှေမိမိအောင်နှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်းနှင့်အဖွဲ့၊ ဒုတိယဆုရ မအေးမြတ်ဦးခင်နှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မခင်ခင်ဘိုနှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်) အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ မချစ်စုဝေစတင်းနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မဖြူဖွေးသန့်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မအိသဥ္ဇာအောင်နှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့်အဖွဲ့၊ ဒုတိယဆုရ မယွန်းဝတီအောင်ကျော်စိုးနှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မပပပြည့်ဖြိုးနှင့်အဖွဲ့တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးက ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်နှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးကျော်မင်းနှင့်အဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်လင်းထိုက်အောင်နှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်မင်းသိခ်နှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ညွန့်အောင်နှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွားနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက်နှင့်အဖွဲ့တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်က ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးကျော်မင်းနှင့်အဖွဲ့နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်နှင့်အဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဦးအောင်သန်းဇော်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်လင်းထိုက်အောင်နှင့်အဖွဲ့နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ ဦးချစ်ကျော်ကျော်နှင့်အဖွဲ့၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ဝင်းထက်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်မျိုးသူနှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝေယံချိုနှင့်အဖွဲ့၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွားနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်နှင့်အဖွဲ့တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရ ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းက ဒုံမင်းလက်သံဖြင့် ဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

## ၁၉၇၁ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

၁၉၇၁ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ကျောင်းသူများနှင့်အတူ စာသင်ဖက်များ၏ စတုတ္ထအကြိမ် အာစရိယပွဲပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃ရက်တွင် မန္တလေးမြို့ ၃၁ လမ်းနှင့် ၇၀/၇၁လမ်းကြားရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ ကျောင်းသား၊ ကျောင်းသူများ သိရှိစေရန်နှင့် သူငယ်ချင်းအားလုံး တပျော်တပါး တွေ့ဆုံကန်တော့နိုင်ရန် ဖြစ်မြောက်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိရသည်။

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက မန္တလေးမြို့ဦးရှိ ဒေါက်တာမောင်ဝင်း၊ ဒေါက်တာရဲလွင်၊ဒေါက်တာအောင်ကျော်ဦး၊ဒေါက်တာကိုကိုကြီး ဖုန်း-၀၂-၆၂၂၀၂၀၉-၂၀၀၀၂၀၀၊၀၉-၂၀၀၄၀၆၀၊၀၉-၂၀၀၂၈၈၂၊ ၀၉-၂၀၀၀၄၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁-၁၁-၂၀၀၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ကဗျာပန်းဥယျာဉ်
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၁၅ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ International News.
- ၈း၄၀ ၁၀။ **“အလံလေးတော့ ကိုင်ပြေပါ” (ဖွဲ့နိုင်ဝင်း၊ ရော၊ ပေါ် လေး၊ချစ်စရာ၊ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ Yan Can Cook.
- ၁၁း၃၀ ၃။ တစ်ပတ်အတွင်း ပြည်တွင်းသတင်းစဉ်
- ၁၂း၂၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေမေ့မေတ္တာ ကုဋေကုဋာ” (အပိုင်း-၁၇)**
- ၁း၁၀ ၅။ ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ
- ၁း၅၀ ၆။ International News.
- ၂း၀၀ ၇။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၂း၅၀ ၁။ **၂၀၀၈ ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ‘ဗိုလ်လုပွဲ’ (မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်း)**
- ၄း၅၀ ၂။ တေးဂီတအစီအစဉ်
- ၅း၀၅ ၃။ မြန်မာ့ဓလေ့ ရိုးရာလက်ဝှေ့
- ၅း၁၅ ၄။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၅။ ညနေခင်းသတင်း
- ၆း၃၀ ၆။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၇။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၅၀ ၈။ အကပြိုင်ပွဲ
- ၆း၅၅ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၇း၁၀ ၁၀။ **နိုင်ငံခြား ဇာတ်လမ်းတွဲ “သံယောဇဉ်နှောင်ကြိုး ” (အပိုင်း-၉)**
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်း
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ)မန်းသိင်္ဂါ ရုပ်စုံသဘင် “မဟာဗုဒ္ဓဝင်တောထွက်ခန်း” (ပထမဆု) (မန္တလေးတိုင်း)
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စစ်ရှာဖွေခြင်း” (အပိုင်း-၃)**
- ၁၆။ အစီအစဉ်ပြီး၏။




**မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၏ (၁၀)နှစ်ပြည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲတွင် ပြသထားသည့် ပြခန်းများကို တွေ့ရစဉ်။** (သတင်းစဉ်)

*** ကျောဖုံးမှ**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများမှ တာဝန်ရှိသူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ပြပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူများအား ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

ပြခန်းတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အပါအဝင် ကွန်ပျူတာကုမ္ပဏီ ၆၅ ခုတို့က ပြခန်းပေါင်း ၁၅၆ ခန်းကို ဖွင့်လှစ်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတောင်ပိုင်းတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၃၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်တွင် နေရာကျဲကျဲ၊ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ရေးမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၀၆ လက်မ၊ လားရှိုးမြို့တွင် ၀ ဒသမ ၉၅ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၇၉ လက်မနှင့် နမ့်စန်မြို့တွင် ၀ ဒသမ ၅၅ လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၁ ရက် ညနေထိ ခန့်မှန်းချက်။** ။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း (၄၀) ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**နိုဝင်ဘာ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။** ။လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ရန်ကုန်တိုင်းတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်)၃၀-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၇၁ဒီဂရီဖာရင်ဟိုက်)၃၁-၁၀-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ (၇၉) ရာခိုင်နှုန်း ၃၁-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း (၃ ဒသမ ၉) နာရီခန့် ၃၀-၁၀-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၃၁-၁၀-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၇၅၇မမ | ၃၀၅၅မမ | ၃၅၆၈မမ |
| ယနေ့အထိ | (၁၀၈ဒသမ၅၄လက်မ) | (၁၂၀ဒသမ၂၈လက်မ) | (၁၄၀ဒသမ ၄၇လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၀-၁၀-၂၀၀၈ ရက် ၁၅း၁၅ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

# လောက်ကိုင်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လောက်ကိုင်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း အမှတ်စဉ် (၄/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၈နာရီခွဲတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမောင်က အမှာစကားပြောကြားပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန်းအောင်က သင်တန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဗိုလ်မှူးချုပ်ဝင်းမောင်က သင်တန်းထူးချွန်ဆုရ စက်ပြင် သင်တန်းမှ ကိုးကန့်တိုင်းရင်းသား မောင်လှိုင်ဝင်းထွန်းအား ထူးချွန်ဆုချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ်တစ်ဦးသို့ ပေးအပ်ကာ အလုပ်ရုံခန်းမအတွင်း သင်တန်းသားများလက်တွေ့ လေ့ကျင့်မှုများကို ကြည့်ရှုအားပေးသည်။

သင်တန်းအမှတ်စဉ် (၄/၂၀၀၈) တွင် အခြေခံအဆောက်အအုံ သင်တန်းသို့ သင်တန်းသား ၁၀ ဦး၊ အခြေခံစက်ပြင်သင်တန်းသို့ သင်တန်းသား ၁၄ဦး၊ အခြေခံ လျှပ်စစ်ဂဟေဆက် သင်တန်းသို့ သင်တန်းသား ၁၀ဦး စုစုပေါင်း ၃၄ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၂၀ ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမောင် လောက်ကိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း အလုပ်ရုံခန်းမအတွင်း သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

၂၀၀၈ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အသင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အနိုင်ရဗိုလ်စွဲသွားသည့် ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်နှင့် ကမာရွတ်မြို့နယ် မူးခင်းကျဆင်းရေး ရက်သတ္တပတ်ပူးပေါင်းဆောင်ရွက်မှု မူးခင်းအသိပညာပေးဟောပြောပွဲအခမ်းအနားကို အထက(၁) လှိုင်၌ အောက်တိုဘာ ၂၆ရက်ကကျင်းပရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးက မူးခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။** (၅၄၃)



# (၁၇)ကြိမ်မြောက် ခရမ်းမြို့နယ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၁

ခရမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား တပည့်အပေါင်းတို့က ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ခရမ်းမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပူဇော်ကန်တော့ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လျှုဒါန်းလိုပါက ဦးစောဝင်း ဖုန်း- ၀၉၈၆၄၅၃၃၁၊ ဦးနိုင်လင်း ဖုန်း- ၀၉၈၆၄၅၆၃၆၊ ဦးအောင်ကျော်ဆွေ ဖုန်း- ၀၉၈၆၄၅၇၀၇၊ ဦးအေးကို ဖုန်း- ၀၅၆-၃၀၁၄၅၊ ဦးမောင်ရွှေ ဖုန်း- ၀၉၅၀၀၇၁၆၂၊ ဦးသောင်းတင် ဖုန်း- ၀၉၈၆ ၄၅၂၁၆ နှင့် ဦးဝင်းဇော်မိုး ဖုန်း- ၀၉၈၆ ၀၁၂၅၂ တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရတနာပုံမြို့သစ် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)

# ရတနာပုံမြို့သစ် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

**မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်တွင် အဆိုပါ ရတနာပုံမြို့သစ် ရတနာပုံတယ်လီပို့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေက အမှာစကားပြောကြားပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ရတနာပုံမြို့သစ်ရှိ Softbase Factory Area ၃၇၂ ဧကပေါ်၌ လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်းပြည်ပ ကုမ္ပဏီ ၃၅ ခုတို့အတွက် မြေနေရာချထားပေးမှု အခြေအနေ၊ ဆောင်ရွက်မည့်လုပ်ငန်း အမျိုးအစားနှင့် ဆက်သွယ်ရေး နည်းပညာဝန်ဆောင်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများ ဖြည့်ဆည်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ရတနာပုံမြို့သစ်စီမံကိန်း မြို့ပြဧရိယာအတွက် လမ်းဖောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီး သွယ်တန်းမှု၊ ရေရရှိရေးဆောင်ရွက်ပေးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်သို့ ကျွဲအကောင် ၁၀၀ ပေးပို့

ရန်ကုန် အောက်တိုဘာ ၃၁

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ တာဝန်ရှိသူများသည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံ ဆိပ်ခံတံတား၌ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လေဘေးသင့်ဒေသ ဘိုကလေးမြို့နယ် တောင်သူများသို့ ခိုင်းကျွဲအကောင် ၁၀၀ ဖြန့်ဝေရန်အတွက် သင်္ဘောတင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်မှ ကျေးရွာတောင်သူများလယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုနိုင်ရန်အတွက် ကျွဲအကောင် ၁၀၀နှင့်အတူ တစ်လစာ ကျွေးမွေးရန် အစာများပါဝင်ပြီး ကျွဲနွားကာကွယ်ဆေးထိုးခြင်းနှင့် ဆေးဝါးကုသခြင်းအပါအဝင် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူးများက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကာ ယခုနှစ်နွေစပါးစိုက်ပျိုးရေးတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်းပြီး ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း လေဘေးသင့် ဒေသများဖြစ်သော ကွမ်းခြံကုန်းမြို့နယ်၊ ငပုတောမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဖျာပုံမြို့နယ်များသို့ ယခုနှစ် ဩဂုတ်လအတွင်း ပထမအကြိမ် ၅၉၈ ကောင် ဖြန့်ဝေပေးခဲ့ပြီး ယခုဒုတိယအကြိမ် ကွမ်းခြံကုန်းမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်များသို့ကျွဲနွား ၇၀၆ ကောင် စုစုပေါင်း ၁၃၀၄ ကောင်နှင့် ကျွဲနွား အစာအိတ် ၂၆၇၀ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း၊ ကြက်၊ ဘဲ(Package)များကို တောင်သူအိမ်ထောင်စုအလိုက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# မြန်မာ-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့ကကြီးမှူး၍ KLN Group မှ တာဝန်ယူကာ Calsome ကွေကာ(MDG Co.,Ltd.)၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် မြန်မာ-ထိုင်း နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအတွက် စာနယ်ဇင်း တွေ့ဆုံပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၁ နာရီက မဟာဗန္ဓုလပန်းခြံလမ်းရှိ City Star ဟိုတယ်၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် အမှုဆောင်များ၊မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ အုပ်ချုပ်သူ၊ နည်းပြများနှင့် ကစားသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စာနယ်ဇင်းသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်(ဒုတိယဥက္ကဋ္ဌ ရိုးရာအားကစားအဖွဲ့ချုပ်)က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဝင်းဇင်ဦးက မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသော စာနယ်ဇင်းများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို နိုဝင်ဘာ၈၊ ၉ ရက် မွန်းလွဲ၂နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ စိန်ခေါ်ပွဲတွင် မြန်မာပြည်ချန်ပီယံ လုံးချောနှင့် ထွန်းထောင်၊ သုံးထပ်ကွမ်း ချန်ပီယံ ဝင်းထွန်းနှင့် လာချီလိတ်၊ ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်နှင့် ပါဝိ၊ နယ်စပ်လက်ဝှေ့ကျော် စောငမန်းနှင့် ဖိချိချိုင်းတို့ ထိုးသတ်ကြမည်ဖြစ်သည်။ မြန်မာ-ထိုင်း စိန်ခေါ်ပွဲအတွက် မြန်မာ့လက်ရွေးစင် လက်ဝှေ့ကစားသမားများကို လူရွေးပွဲသုံးကြိမ်တိုင်ကျင်းပ၍ လူရွေးချယ်ထားခြင်းဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့စည်းမျဉ်း၊ စည်ကမ်းများအတိုင်း ထိုးသတ်မည်ဖြစ်သည်။ (ကြေးမုံ)




# ခိုးမှုကျူးလွန်သူသုံးဦးကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းသန်လျင်မြို့နယ်အတွင်း ခိုးမှုကျူးလွန်သူသုံးဦးကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၁ ရက်တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ရန်ကုန်တိုင်း သန်လျင်မြို့နယ်အတွင်း စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော ခိုးမှုများ ဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစု၊ တောင်ပိုင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေး ဌာနစုနှင့် သန်လျင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့ရာ အောက်တိုဘာ ၂၁ ရက် ညနေ ၆ နာရီတွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်ဘုရား ပတ်လမ်းတွင် မျိုးနိုင်(ခ) အငယ်ကောင် (၁၉)နှစ် အမှတ်မရှိ၊ တာဝမြို့ပြကွက်သစ်၊ ကညင်ပင်ကျေးရွာ သန်လျင်မြို့နယ်နေသူနှင့်သီဟထွန်း(ခ)အကြီးကောင် (၂၀)နှစ် အမှတ်မရှိ၊ ဘာဘူဆန်စက်ဝင်း၊ သန်လျင်မြို့နယ်နေသူတို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မျိုးနိုင်(ခ)အငယ်ကောင်နှင့် သီဟထွန်း(ခ)အကြီးကောင်တို့အား စစ်မေးရာ ခိုးမှုများကျူးလွန်ရာတွင် ရွှေငွေး (၂၂)နှစ်၊ အမှတ်မရှိ၊ ဦးပေါ်ညောင်ပင်လမ်း၊ ကွမ်းခြံကုန်းကျေးရွာ၊ ဘုရားကုန်း ကျေးရွာအုပ်စု၊ သန်လျင်မြို့နယ်နေသူနှင့်အတူ ပူးပေါင်းကျူးလွန်ကြောင်း ထွက်ဆိုသဖြင့် ရွှေငွေးကို ဆက်လက်ဖမ်းဆီးခဲ့ကြောင်း။

အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းခဲ့ရာ ခွဲဝေရရှိသောငွေဖြင့် ဝယ်ယူထားသည့်ကန်ဘိုအမျိုးအစားဆိုင်ကယ်တစ်စီး၊ အဲယားကွန်းနှစ်လုံး၊ ကြေးဖြင့်ပြုလုပ်ထားသည့် သိမ်းငှက်ရုပ်တစ်ရုပ်၊ လက်ကောက်ကိုးကွင်း၊ လက်စွပ်လေးကွင်း၊ ရွှေရည်စိမ်ဆွဲကြိုးငါးကုံး၊ ဒီဗွီဒီစက် တစ်လုံး၊ ရီမုတစ်ခု၊ ဘက်ထရီအိုးသုံးလုံး၊ ဂိမ်းစက်ငါးလုံးနှင့် အဝတ်အထည်များကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)




မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ထိုးသတ်ကြမည့် မြန်မာ့လက်ရွေးစင် လုံးချော၊ ဝင်းထွန်း၊ တွေ့မရှောင်နှင့် စောငမန်းတို့အား တွေ့ရစဉ်။ (ကြေးမုံ)






# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၏ (၁၀)နှစ်ပြည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၃၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၏ (၁၀)နှစ်ပြည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (10 th Anniversary ICT Exhibition) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၏ (၁၀)နှစ်ပြည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

ရှေးဦးစွာ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးခွန်ဦးနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းတို့က မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၏ (၁၀)နှစ်ပြည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳

# ငြိမ်းချမ်းရေး အသီးအပွင့်များအဖြစ် ဘုရားကုန်း ငြိမ်းချမ်းရေး အထူးဒေသနှင့် ထို့ကော်ကိုးဒေသတို့၏ အောင်မြင်ဖြစ်ထွန်းမှုများ

**သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)**
**ဓာတ်ပုံ-လှမိုး(သတင်းစဉ်)**

သာစွဌာနေ ဖွဲ့ကပင်မြေဆီသို့ ယခုရက်ပိုင်းအတွင်း ဒုတိယ အကြိမ်မြောက် လေ့လာရေးခရီး တစ်ခေါက်အဖြစ် ကျွန်တော် ရောက်ရှိခဲ့ပြန်ပါသည်။

ပထမတစ်ခေါက် ခရီးစဉ်တွင် တွေ့မြင်ခဲ့ရသည့် စိမ်းစိုသော စပါးခင်းများနေရာတွင် ဝင်းမှည့်စ ရွှေဝါရောင် စပါးခင်းများ၊ ရော်ဘာပင်တန်းများကြားတွင် သီးညှပ်အဖြစ် စိုက်ပျိုးထားသော သီးညှပ် ပဲတီစိမ်းခင်းများ၊ ရှုမျှော်၍ မဆုံးနိုင်သော မြေပဲစိုက်ခင်းကြီးများက အသွင်သစ် အမြင်သစ်တို့ဖြင့် အစားထိုး နေရာယူလျက်။ ကရင်ပြည်နယ်၏ သီးနှံစိုက်စွမ်းအားကား တည်ငြိမ်အေးချမ်း သာယာလာသည်နှင့်အမျှ ဖွံ့ဖြိုးဝေဆာလျက် ရှိပေသည်။

ယခုတစ်ခေါက် ခရီးစဉ်တွင် ကျွန်တော်တို့သည် ဖထီးပဒိုအောင်ဆန်း၏ ဘုရားကုန်း ငြိမ်းချမ်းရေးအထူးဒေသသို့ သွားရောက်လေ့လာခွင့်ရခဲ့သည်။

ဖထီးတို့ကျေးရွာ အဝင်ဝရောက်သည်နှင့် မှည့်ဝင်းစပြုနေသော ရွှေဝါရောင် စပါးခင်းကြီးက ဆီးကြိုနှုတ်ဆက်နေသည်။ စနစ်တကျ မွေးမြူထားသော ကြက်ဆင်ကြီးများက သားပေါက်ကောင်ရေများစွာဖြင့် တောင်ပံဖြန့်ကား သံစုံကျူးရင့်လျက်။

ဥစားကြက်၊ ဝက်၊ ဆိတ်၊ နွားနောက်၊ ဒေသကြက်၊ ဖရီရှန်မျိုး နို့စားနွား၊ ဝမ်းဘဲ၊ ပီကင်းဘဲ တို့ကိုလည်း စနစ်တကျ မွေးမြူထားသည်ကို တွေ့ခဲ့ရသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❑



**အရှည် ခြောက်မိုင် ခြောက်ဖာလုံရှိ နဘူး-ထို့ကော်ကိုး ကတ္တရာလမ်းပိုင်းကို တွေ့ရစဉ်။**